# အမျိုးသားကျန်းမာရေးကော်မတီ (NHC)
# COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့ (CTF)

## ထုတ်ပြန်ကြေညာချက် ၂/၂၀၂၁
## ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၆ ရက်
## လုပ်ငန်းစဉ်မူဝါဒဆိုင်ရာ ထုတ်ပြန်ချက်

၁။ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် ကျန်းမာရေးဝန်ကြီးဌာန NUG အစိုးရတို့ ပူးပေါင်းကာ COVID-19 ကာကွယ်၊ထိန်းချုပ်၊ကုသရေးအဖွဲ့ (CTF) ကိုဖွဲ့စည်း၍ ပြည်သူလူထုအား COVID-19 ကာကွယ်ဆေး အောင်မြင်စွာထိုးနှံနိုင်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများ၊ သံရုံးများ၊ အလှူရှင်အဖွဲ့အစည်းများနှင့် အစဉ်တစိုက် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။ CTF သည် အမျိုးသားကျန်းမာရေးကော်မတီ (NHC) ၏ လုပ်ငန်းစဉ်များအနက် လုပ်ငန်းတစ်ရပ်ဖြစ်သည်။

၂။ CTF ၏ အခြေခံမူနှင့် လုပ်ငန်းစဉ်များ

(က) ပြည်သူသာ အဓိကဖြစ်ရမည်။

COVID-19 ကပ်ရောဂါ ကာကွယ်၊ထိန်းချုပ်၊ကုသရေးအတွက် နိုင်ငံတဝှမ်းရှိ တိုင်းရင်းသား ပြည်သူအားလုံး COVID-19 ကာကွယ်ဆေးနှင့် အခြားအခြေခံကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရန်ဖြစ်သည်။

(ခ) ပွင့်လင်းမြင်သာမှုရှိရမည်။

COVID-19 ကပ်ရောဂါ ကာကွယ်၊ထိန်းချုပ်၊ကုသရေးအတွက် လုပ်ဆောင်သည့် လုပ်ငန်းစဉ်များ (ကာကွယ်ဆေးရရှိမှု၊ ဘဏ္ဍာရေးခွဲဝေသုံးစွဲမှု၊ ဆုံးဖြတ်ချက်ချမှတ်မှု) ကို ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများအကြားလည်း ပွင့်လင်းမြင်သာမှုရှိစေရန် ဖြစ်သည်။

(ဂ) ညီမျှသော ဆက်ဆံမှု ရှိရမည်။

လက်ရှိ မြန်မာနိုင်ငံအတွင်း နိုင်ငံရေး၊ အုပ်ချုပ်ရေး အကျပ်အတည်းကာလ ဖြစ်သည့်အလျောက် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် UN Agency များ အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့်အလှူရှင်များတို့မှ စစ်ကောင်စီနှင့်သော်လည်းကောင်း၊ NUG ကျန်းမာရေးဝန်ကြီးဌာနနှင့်သော်လည်းကောင်း၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့်သော်လည်းကောင်း ညီမျှစွာ ဆက်ဆံဆောင်ရွက်ရန် လိုအပ်ပါသည်။ စစ်ကောင်စီနှင့်ဆက်ဆံရာတွင်လည်း လုပ်ငန်းသဘောအရသာဖြစ်ပြီး စစ်ကောင်စီကို အသိအမှတ်ပြုသည့် သက်ရောက်မှု မဖြစ်စေရန် သတိပြုရမည်ဖြစ်ပါသည်။

၃။ COVID-19 ကာကွယ်ဆေးရရှိနိုင်သည့် အရင်းအမြစ်များ

(က) စစ်ကောင်စီမှ အာဏာသိမ်းမှုမတိုင်ခင် ပြည်သူ့အစိုးရလက်ထက်တွင် အိန္ဒိယနိုင်ငံ Serum Institute of India (SII) နှင့်သဘောတူညီမှုစာချုပ် ချုပ်ဆိုထားရှိမှုအရ ဝယ်ယူထားသည့် ကာကွယ်ဆေးများ (COVISHIELD)

(ခ) ကမ္ဘာ့နိုင်ငံအားလုံးတွင် COVID-19 ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် GAVI, The Vaccine Alliance CEPI ၊ WHO တို့ပူးပေါင်းဖွဲ့စည်းထားသည့် COVAX Facility မှရရှိမည့်ကာကွယ်ဆေးများ

(ဂ) Humanitarian Buffer မှ ရရှိမည့် ကာကွယ်ဆေးများ

(ဃ) အလှူရှင်နိုင်ငံနှင့် အဖွဲ့အစည်းများမှ လှူဒါန်းသည့် ကာကွယ်ဆေးများ

(င) မိမိအစီအစဉ်ဖြင့် ဝယ်ယူမည့် ကာကွယ်ဆေးများ

(စ) အခြားနည်းလမ်းဖြင့် ရရှိနိုင်မည့် ကာကွယ်ဆေးများ

စသည်တို့ဖြစ်ပါသည်။

၄။ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း

COVID-19 ကာကွယ်ဆေး သယ်ယူပို့ဆောင်မှုကို နယ်စပ်အခြေပြုလမ်းကြောင်းနှင့် ပြည်တွင်း ရန်ကုန်လေဆိပ်မှ သယ်ယူပို့ဆောင်သည့်လမ်းကြောင်း ဟူ၍ လမ်းကြောင်းနှစ်ရပ်လုံးကို ချဉ်းကပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ နယ်စပ်အခြေပြု သယ်ယူသည့်လမ်းကြောင်းအား သက်ဆိုင်ရာ အိမ်နီးနားချင်းနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ရန်ကုန်လေဆိပ်မှ သယ်ယူပို့ဆောင်ရာတွင် UN အဖွဲ့အစည်းကဲ့သို့သော Third Party အဖွဲ့အစည်းမှ ဆောင်ရွက်ရန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် Third Party အဖွဲ့အစည်းမှ စစ်ကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်သော်လည်း ထိုသို့ညှိနှိုင်းဆောင်ရွက်ရာတွင် စစ်ကောင်စီအား အသိအမှတ်ပြုသည့် သက်ရောက်မှု မဖြစ်စေဘဲ အလုပ်သဘောအရ ညှိနှိုင်းဆက်ဆံခြင်းသာ ဖြစ်ရန်လိုအပ်ပါသည်။ ထို့အတူ ရန်ကုန်လေဆိပ်မှ ထွက်လာချိန်မှစ၍ စစ်ကောင်စီနှင့် လုံးဝပတ်သက်မှု မရှိစေဘဲ သတ်မှတ်ထားသည့် နေရာအရောက် Third Party – UN အဖွဲ့အစည်းနှင့် မိတ်ဖက်အဖွဲ့ အစည်းများမှ တာဝန်ယူရမည်ဖြစ်သည်။

၅။ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစဉ်

တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ အုပ်ချုပ်နယ်မြေဒေသများတွင် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ (EHOs) မှ ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းစဉ်ကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ရောနှောအုပ်ချုပ်နယ်မြေ (Mix Controlled Area)၊ မြို့ပြနှင့်အခြားဒေသများတွင် Third Party အဖွဲ့အစည်းများဖြစ်သည့် UN အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းတို့မှ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် စစ်ကောင်စီလက်အောက်ခံအဖွဲ့အစည်းများမှ

လုံးဝပါဝင်ပတ်သက်မှုမရှိစေဘဲ Third Party အဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းစဉ်များတွင် CDM ဆရာဝန်များ၊ သူနာပြုများ စသည့်ကျန်းမာရေးဝန်ထမ်းများလည်း ပါဝင်နိုင်ပါသည်။ ထိုသို့ပါဝင်လုပ်ဆောင်ရာတွင် CDM လှုပ်ရှားမှုအပေါ် ထိခိုက်မှုမရှိစေဘဲ လူမှုဝန်ထမ်းအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းသာဖြစ်သည်။

၆။ လုံခြုံရေးနှင့် အခြားစိန်ခေါ်မှုများ

လက်ရှိ နိုင်ငံရေးအကျပ်အတည်းကာလတွင် ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းစဉ် အကောင်အထည်ဖော်ရာတွင် လုံခြုံရေးအခြေအနေနှင့် အခြားစိန်ခေါ်မှုများ များစွာရှိနေပါသည်။ အထူးသဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့် ဆေးထိုးနှံခြင်းအစီအစဉ်အပေါ် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှု (Community Engagement) ရှိရန် အလွန်အရေးကြီးပါသည်။ ပြည်သူလူထု၏ ယုံကြည်လက်ခံမှုမရရှိပါက ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် မည်သို့မှ အောင်မြင်နိုင်မည်မဟုတ်ပေ။ ထို့အတူ ကာကွယ်ဆေးများ သယ်ယူပို့ဆောင်ရေးအတွက် လမ်းခရီးလုံခြုံရေးနှင့် ကာကွယ်ဆေးလာရောက်ထိုးနှံသည့် ပြည်သူလူထုတစ်ဦးချင်း စီ၏လုံခြုံရေးသည်လည်း လွန်စွာအရေးကြီးပါသည်။ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစဉ်တလျှောက်လုံး တွင် ပါဝင်ဆက်စပ်နေသည့် လူပုဂ္ဂိုလ်တို့၏လုံခြုံရေးသည် စစ်ကောင်စီထိန်းချုပ်သည့် နယ်မြေဒေသများတွင် အလွန်စိုးရိမ်ရပါသည်။ ထို့အတွက်ကြောင့် ပြည်သူလူထုများလုံခြုံစိတ်ချစွာ ကာကွယ်ဆေးထိုးနိုင်ရန်အတွက် UN ကဲ့သို့သော Third Party အဖွဲ့အစည်းများမှတာဝန်ယူဆောင်ရွက်သွား၍ ပြည်သူလူထု၏ လုံခြုံရေးအတွက် စောင့်ကြည့်ပေးသည့်ယန္တယား (Security Monitoring Mechanism) တစ်ရပ်ထားရှိရန်လည်း လိုအပ်ပါသည်။

အထက်ဖော်ပြပါ အခြေခံမူနှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရန်အတွက် အမျိုးသားကျန်းမာရေးကော်မတီ (NHC)၊ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့ (CTF) မှ နိုင်ငံတကာအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုတို့နှင့် အတူ ဘက်စုံ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပဒိုမန်းမန်း

ဥက္ကဋ္ဌ

အမျိုးသားကျန်းမာရေးကော်မတီ